mgyoe.com

လူတိုင်းသိရှိနားလည်ထားသင့်သည့်

# လူ့အခွင့်အရေး


ဒေါက်တာခိုင်ခိုင်ဝင်း



mgyoe.com

လူတိုင်းသိရှိနားလည်ထားသင့်သည့်

# လူ့အခွင့်အရေး




ISBN 9789997117304
NF81
9 789997 117304
1,300.00KS

mgyoe.com

လူတိုင်းသိရှိနားလည်ထားသင့်သည့် လူ့အခွင့်အရေး၊ ဒေါက်တာခိုင်ခိုင်ဝင်း
မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော် - ပေသစ်တည်
စာမျက်နှာ ၁၁၂+ မျက်နှာ၊ ၁၃ စင်တီ× ၁၉ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# လူတိုင်းသိရှိနားလည်ထားသင့်သည့် လူ့အခွင့်အရေး

ဒေါက်တာခိုင်ခိုင်ဝင်း

ပထမအကြိမ်၊ ၂၀၀၉

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | ရည်ရွယ်ချက် | ဂ |
| ၁။ | လူ့အခွင့်အရေးနောက်ခံသမိုင်းကြောင်း | ၁ |
| ၂။ | လူ့အခွင့်အရေးဆိုသည်မှာ | ၅ |
| ၃။ | လူ့အခွင့်အရေးအမျိုးအစားများ | ၁၀ |
| ၄။ | အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်များ | ၁၄ |
| ၅။ | ဒီမိုကရေစီနှင့် လူ့အခွင့်အရေး | ၂၁ |
| ၆။ | တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေး | ၂၈ |
| ၇။ | ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် လူ့အခွင့်အရေး | ၃၄ |
| ၈။ | ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့အခွင့်အရေး | ၄၀ |
| ၉။ | စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေး | ၄၄ |
| ၁၀။ | ကျား/မ တန်းတူရည်တူရှိမှု | ၄၉ |
| ၁၁။ | အမျိုးသမီးများနှင့် ငြိမ်းချမ်းရေး | ၅၆ |
| ၁၂။ | ရာသီဥတုပြောင်းလဲခြင်းနှင့် လူ့အခွင့်အရေး | ၆၂ |
| ၁၃။ | ပညာရေးနှင့် လူ့အခွင့်အရေး | ၆၉ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၄။ | ကလေးများအတွက် အသက်ရှင်သန်ခွင့် | ၇၇ |
| ၁၅။ | SDGs နှင့် လူ့အခွင့်အရေး | ၈၄ |
| ၁၆။ | စားသုံးသူအခွင့်အရေးသည်လည်း | ၉၀ |
| ၁၇။ | လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရှိပါသည်၊ သို့သော် ... | ၉၈ |
| ၁၈။ | ခွဲခြားမှုမရှိ၊ လူကိုလူလို့ မြင်ကြမယ်ဆိုလျှင်ဖြင့် | ၁၀၅ |


❒

mgyoe.com

mgyoe.com





## ဒေါက်တာခိုင်ခိုင်ဝင်း ကိုယ်ရေးအကျဉ်း

၁၉၇၅ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် အဖ ဦးရွှေမြင့်၊ အမိ ဒေါ်ဝင်းမြင့်သန်းတို့မှ ရန်ကုန်မြို့၌ မွေးဖွားခဲ့ပါသည်။ မူလတန်းပညာအား အ.မ.က (၆) ကမာရွတ်တွင် သင်ယူခဲ့ပြီး အလယ်တန်းနှင့် အထက်တန်းပညာတို့အား အ.ထ.က (၁) ဗဟန်းတွင် သင်ယူခဲ့ပါသည်။ ၁၉၉၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ သိပ္ပံဘွဲ့ (ဓာတုဗေဒ) အထူးပြုဖြင့် ဘွဲ့ရရှိခဲ့ပါသည်။ ၁၉၉၈ ခုနှစ်တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနတွင် ဒုတိယဦးစီးမှူးရာထူးဖြင့် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် ဂျပန်နိုင်ငံအစိုးရ၏ ပညာတော်သင်ဆုတစ်ခုဖြစ်သော Asian Youth Fellowship Program (AYF) Batch 11 အတွက် ရွေးချယ်ခြင်းခံခဲ့ရပါသည်။ ပညာတော်သင်ဆု၏ အစီအစဉ်တစ်ခုအဖြစ်

mgyoe.com

mgyoe.com



ဂျပန်နိုင်ငံရှိ Kensai International Language Institution တွင် ဂျပန်ဘာသာစကားကို ၂၀၀၆ ခုနှစ်၊ ဇူလိုင်လမှ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလအထိ သင်ယူခဲ့ပြီး ၂၀၀၇ ခုနှစ်၊ ဧပြီလမှ ၂၀၁၂ ခုနှစ် ဧပြီလအထိ ဂျပန်နိုင်ငံ၊ Tokyo University of Agriculture and Technology တွင် ပညာသင်ကြားခဲ့ပြီး မဟာဘွဲ့နှင့် ပါရဂူဘွဲ့တို့အား (စိုက်ပျိုးရေး) အထူးပြုဖြင့် ရရှိခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် နိုင်ငံ့ဝန်ထမ်းအဖြစ်မှ နုတ်ထွက်၍ ယင်းနှစ်ဧပြီလမှ စတင်ကာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်တွင် ဒုတိယညွှန်ကြားရေးမှူး ရာထူးတာဝန်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအခါ ညွှန်ကြားရေးမှူးတာဝန်ဖြင့် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ၂၀၁၅ ခုနှစ်မှ စတင်၍ လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် ဆောင်းပါးများ ရေးသားခဲ့ပြီး ယနေ့အချိန်အထိ မြန်မာ့အလင်း၊ ကြေးမုံနှင့် Global Newlight of Myanmar သတင်းစာများတွင် စုစုပေါင်း ဆောင်းပါး ၆၈ ပုဒ် ရေးသားခဲ့ပြီးဖြစ်ပါသည်။ ထွန်းဖောင်ဒေးရှင်း စာပေကော်မတီမှ ချီးမြှင့်သည့် ထွန်းဖောင်ဒေးရှင်းစာမူဆု (၂၀၁၇) ကို "လူတိုင်း သိရှိနားလည်ထားသင့်သည့် လူ့အခွင့်အရေး" (သုတပဒေသာဘာသာရပ်) ခေါင်းစဉ်ဖြင့် ရရှိခဲ့ပါသည်။

❐

mgyoe.com

mgyoe.com



# ရည်ရွယ်ချက်

ယနေ့ ကျွန်မတို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ငြိမ်းချမ်း၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သို့ ဦးတည် လျှောက်လှမ်းနေသည့်အချိန်ဖြစ်သည့်အလျောက် ဒီမိုကရေစီစနစ် အောင်မြင်အောင်အကောင်အထည်ဖော်သည့် နေရာတွင် အရေးပါသည့်တစ်ထောင့်တစ်နေရာမှ ပါဝင်နေသည့် လူ့အခွင့်အရေးအကြောင်းနှင့် လူ့အခွင့်အရေးနှင့် ဆက်စပ်နေသည့်အကြောင်းအရာများအား နိုင်ငံအတွင်းရှိ နိုင်ငံသူ/နိုင်ငံသားတိုင်း နားလည်သိရှိထားသင့်ပြီး လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များအပေါ် လေးစားမှု ပိုမိုခိုင်မာလာစေရန်၊ လောကပါလတရားနှင့် ဗြဟ္မစိုရ်တရားထွန်းကားပြီး လူ့အခွင့်အရေးစံနှုန်းများ မြင့်မားသောလူ့ဘောင်ပေါ်ထွန်းလာရန်နှင့် စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံတော် ပေါ်ပေါက်လာစေရန် ရည်ရွယ်လျက် ဤစာမူအား ရေးသားပြုစုပါသည်။ ❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com



## လူ့အခွင့်အရေး နောက်ခံသမိုင်းကြောင်း

လူ့အခွင့်အရေးသမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုလျှင် ၁၂၁၅ ခုနှစ်၊ အင်္ဂလန်နိုင်ငံတွင် ရေးဆွဲခဲ့သည့် မဂ္ဂနာကာတာ (The Magna Carter) ခေါ် The Great Charter မှာ လူ့အခွင့်အရေးဆိုင်ရာ အကြောင်းခြင်းရာတွင် စတင်ပါဝင်လာသည်ဟု ဆိုကြပါသည်။ အင်္ဂလန်နိုင်ငံ၊ ဂျွန်ဘုရင်လက်ထက်တွင် ပေါ်ပေါက်ခဲ့သည့် မဂ္ဂနာကာတာတွင် နောင်ကာလများအတွင်း လူ့အခွင့်အရေးဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုလာခဲ့သော သဘောတရားများ ပါဝင်နေသည်ကို တွေ့ရသည်။ နောက်ပိုင်းတွင် ဆက်လက်၍ ၁၆၈၉ ခုနှစ် အင်္ဂလန်နိုင်ငံတွင် ရေးဆွဲပေါ်ပေါက်လာသော လူ့အခွင့်အရေးဥပဒေ (Bill of Rights)၊ ၁၇၈၉ ခုနှစ် ပြင်သစ်လူ့အခွင့်အရေးကြေညာစာတမ်း (French Declaration of the Rights of Man)၊ ၁၇၉၁ ခုနှစ် အမေရိကန်လူ့အခွင့်အရေးဥပဒေ (US Bill of Rights) စသည်တို့တွင် လူ့အခွင့်အရေး သဘောတရားများသည် တဖြည်းဖြည်း ပိုမိုပေါ်လွင်ပါရှိလာသည်ကို တွေ့ရပါသည်။

mgyoe.com

mgyoe.com



နိုင်ငံပေါင်းချုပ်အသင်းကြီး (The league of Nations) နောက်ပိုင်း ၁၉၂၄ ခုနှစ်တွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဂျီနီဗာ ကြေညာချက် (Geneva Declaration of the Rights of the Child) ပေါ်ထွက်လာပြီး အဆိုပါကြေညာချက်ကို အခြေခံပြီး ကလေးသူငယ်များ၏ အခွင့်အရေးများကို ဖော်ဆောင်သည့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် ဖြစ်တည်ခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် လူ့အခွင့်အရေးအယူအဆများသည် အရှိန်အဟုန်ပြင်းပြင်းဖြင့် ပြန်လည်ထွက်ပေါ်လာခဲ့ပြီး ၁၉၄၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း (The United Nations Charter) စာတမ်း၏ အပိုဒ်(၁)၊ အပိုဒ်ခွဲငယ် (၂) တွင် လူ့အခွင့်အရေးနှင့် စပ်လျဉ်းပြီး respect for the principle of equal rights and self determination of people ဟု ရေးသားထားပြီး အပိုဒ်ခွဲငယ် (၃) တွင် promoting and encouraging respect for human rights ဟူ၍ ရေးသားထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ အထက်ဖော်ပြပါ တိုးတက်ပြောင်းလဲမှု ဖြစ်စဉ်များသည် ယနေ့ လူ့အခွင့်အရေးဟု ဆိုနေကြသည်များ၏ ကနဦးအစများဟု ဆိုနိုင်ပါသည်။

ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း (The United Nations Charter) တွင် လူ့အခွင့်အရေးဟု သုံးနှုန်းထားသော်လည်း လူ့အခွင့်အရေးသည် မည်သည်တို့ကိုခေါ်သည်၊ လူ့အခွင့်အရေးစံနှုန်းများသည် မည်သည့်စံနှုန်းများဖြစ်သည်ကို ရှင်းလင်းတိကျစွာ ဖော်ပြထားခြင်းမရှိသည့်အတွက် ၁၉၄၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင် ဦးဆောင်မှုဖြင့် ၁၉၄၈ ခုနှစ်တွင် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းမှာ ပါဝင်သည့် လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်ဆိုသည်များကို အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (Universal

mgyoe.com

mgyoe.com



Declaration of Human Rights) ကို ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ ညီလာခံက အတည်ပြု ထုတ်ပြန်နိုင်ခဲ့ပါသည်။ အဆိုပါကြေညာစာတမ်း သည် လူ့အခွင့်အရေးနှင့် စပ်လျဉ်းပြီး ကမ္ဘာတွင် ပထမဆုံးပေါ်ပေါက် လာသော ကြေညာစာတမ်းဖြစ်ပါသည်။ ထိုကြေညာစာတမ်းမှတစ်ဆင့် အခြားသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်ကြီးများ ထွက် ပေါ်လာခဲ့ပြီး ယနေ့အချိန်တွင်မူ ကမ္ဘာ့နိုင်ငံများမှ နိုင်ငံခေါင်းဆောင် များသည် လူ့အခွင့်အရေးကို လေးစားမှုရှိကြောင်းနှင့် ၎င်းတို့နိုင်ငံသူ/ နိုင်ငံသားများအတွက် လူ့အခွင့်အရေးများ ဖြည့်ဆည်းကာကွယ်ပေးမည် ဟု ကတိပြုဝန်ခံခြင်းကို ပြသသည့်အနေဖြင့် အဆိုပါ စာချုပ်ကြီးများ အားလုံးကိုဖြစ်စေ၊ ရွေးချယ်၍ဖြစ်စေ အတည်ပြုလက်မှတ် ရေးထိုးနေ ကြပြီဖြစ်သည်။ ၁၂၁၅ ခုနှစ်မှ စတင်ခဲ့သည့် လူ့အခွင့်အရေးသဘော တရားများ ပါဝင်ခဲ့သည့် မဂ္ဂနာကာတာ ကြေညာချက်မှသည် ယနေ့ အချိန်အခါတွင် လူ့အခွင့်အရေးသည် နေရာတိုင်း၊ နယ်ပယ်တိုင်း (နိုင်ငံ ရေး၊ ပြည်သူ့ရေးရာ၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု) တွင် မပါမဖြစ် အလွန်တွင်ကျယ်သော အရာတစ်ခု ဖြစ်လာခဲ့ပြီဖြစ်သည်။ လူမှုအသိုင်း အဝိုင်းအတွင်း၊ မိသားစုအတွင်း၊ လုပ်ငန်းနယ်ပယ်အတွင်း၊ နိုင်ငံရေး နယ်ပယ်၊ စီးပွားရေးလုပ်ငန်းနယ်ပယ်၊ နိုင်ငံတကာဆက်ဆံရေးစသည့် နယ်ပယ်အသီးသီးတွင် လူသားအချင်းချင်း ဆက်ဆံပြောဆိုရာ၌ လူ့အခွင့် အရေးသည် အရေးကြီးသည့်ကဏ္ဍမှ ပါဝင်နေပြီဖြစ်သည်။

❐

mgyoe.com


mgyoe.com

## လူ့အခွင့်အရေးဆိုသည်မှာ

လူသားအဖြစ် မွေးဖွားလာကြသူတိုင်း တောင့်တခြင်းမှ ကင်းဝေးခြင်း၊ ခွဲခြားဆက်ဆံခံရခြင်းမှ ကင်းဝေးခြင်းတို့ ရှိရမည်ဖြစ်သည်။ ဆိုခဲ့သည့်အတိုင်း ၂၁ ရာစုနှစ်အတွင်း ခေတ်အစားဆုံး စကားလုံးများထဲတွင် လူ့အခွင့်အရေးသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ နေရာတကာ တွင်ကျယ်လာနေသည့် စကားလုံးဖြစ်သော်လည်း လူ့အခွင့်အရေး ဆိုသည့် စကားလုံး၏အဓိပ္ပာယ်ကို တိတိကျကျ ဖွင့်ဆိုထားသည့် ကမ္ဘာတစ်ဝန်းမှ လက်ခံထားသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်မှာမူ ယနေ့တိုင် ဖွင့်ဆိုနိုင်ခြင်း မရှိသေးပါ။ အကြောင်းမှာ လူ့အခွင့်အရေးသည် အလွန်ကျယ်ပြန့်ပြီး လူအမျိုးမျိုးမှ အမြင်အမျိုးမျိုးဖြင့် မြင်နေကြခြင်းကြောင့် ဖြစ်သည်။ လူအခွင့်အရေးဟူသည့် စကားလုံးကို လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (Unite Nations Human Rights of the High Commissioner, UNOHCHR) မှ "လူ့အခွင့်အရေးသည် နိုင်ငံသား၊ မွေးဖွားရာနေရာ၊ ကျား/မ၊ ကိုးကွယ်သည့်ဘာသာ၊ ဘာသာစကားနှင့်

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


အခြားသော မည်သည့်အကြောင်းကြောင့်ဖြစ်စေ ခွဲခြားမှုမရှိဘဲ လူသား အားလုံးနှင့် သက်ဆိုင်သည့် မွေးရာပါအခွင့်အရေးဖြစ်သည်။ လူသား အားလုံးတွင် တူညီသော အခွင့်အရေးရှိသည်" "Human rights are rights inherent to all human beings, whatever our nationality, place of residence, sex, national or ethnic origin, color, religion, language, or any other status. We are all equally entitled to our human rights without discrimination ဟု အဓိပ္ပာယ် ဖွင့်ဆိုထားသည်ကို တွေ့ရပါသည်။ သို့သော်လည်း ယေဘုယျအကျဆုံး နှင့် အခြေခံအကျဆုံး အဓိပ္ပာယ်ဖွင့်ဆိုရမည်ဆိုလျှင် လူ့အခွင့်အရေး ဆိုသည်မှာ လူသားတစ်ယောက်ဖြစ်ခြင်းကြောင့် ရရှိသော၊ သဘာဝ တရားကြီးမှ ပေးအပ်သော အခွင့်အရေးဖြစ်သည်ဟု ဖွင့်ဆိုချင်ပါသည်။

အထက်တွင်ဆိုခဲ့သလို လူ့အခွင့်အရေးဟူသော စကားရပ်အတွက် ယနေ့အချိန်ထိ အားလုံးက တညီတညွတ်တည်း လက်ခံထားသည့် အဓိပ္ပာယ်ဖွင့်ဆိုချက် မရှိသေးသော်လည်း ပြီးခဲ့သည့် ဆယ်စုနှစ်များတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြား ကျယ်ကျယ်ပြန့်ပြန့် သဘောတူ ထားခဲ့ကြသည်မှာ လူ့အခွင့်အရေးသည် လူသားအားလုံးနှင့် သက်ဆိုင် သည်။ (Human rights are universal)၊ လူ့အခွင့်အရေးသည် လူတိုင်းအတွက် မွေးရာပါအခွင့်အရေး ဖြစ်သည်။ (Human rights are inherent)၊ လူ့အခွင့်အရေးကို ခွဲခြမ်း၍မရပါ။ (Human rights are indivisible)၊ လူ့အခွင့်အရေးသည် အပြန်အလှန် အမှီသဟဲပြု နေကြသည်။ (Human rights are interdependent and interrelated) ဆိုသည့်အချက်များ ဖြစ်ပါသည်။

ဆိုရပါလျှင် လူသားမျိုးနွယ်ဝင်ဖြစ်ခြင်းကြောင့် လူအားလုံးက ပိုင်ဆိုင်သည့် လွတ်လပ်၍ ဂုဏ်သိက္ခာရှိသောဘဝကို နေထိုင်ခွင့်များ

mgyoe.com

mgyoe.com


သည် လူ့အခွင့်အရေးဖြစ်သည်။ လူသားအားလုံးတွင် ဂုဏ်သိက္ခာနှင့် တန်ဖိုးကိုယ်စီရှိကြသည်။ လူသားအားလုံး တောင့်တခြင်းမှ ကင်းဝေးခြင်း၊ ခွဲခြားဆက်ဆံခံရခြင်းမှ ကင်းဝေးခြင်းတို့ ရှိရပါမည်။ လူ့အခွင့်အရေး၏ အဓိကအနှစ်သာရများမှာ ဂုဏ်သိက္ခာ၊ လွတ်လပ်ခြင်း၊ ခွဲခြားခြင်းမရှိခြင်း၊ ဥပဒေအရာမှာ ညီမျှခြင်းနှင့် တစ်ပါးသူ၏ အခွင့်အရေးအား လေးစားခြင်းတို့ဖြစ်သည်။ အခြေခံလူ့အခွင့်အရေးများဖြစ်သည့် အသက်ရှင်သန်ခွင့်၊ ညှဉ်းပန်းနှိပ်စက်ခြင်းမှ ကင်းဝေးခွင့်၊ ဥပဒေအရာတွင် ညီမျှခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ ပညာသင်ကြားခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှု ရပိုင်ခွင့်၊ လုံလောက်သည့် လူနေမှုအဆင့်အတန်း ရပိုင်ခွင့်တို့ ရှိရမည်ဖြစ်သည်။ အဆိုပါ အခြေခံလူ့အခွင့်အရေးများသည် နေရာဒေသအသီးသီးရှိ လူသားအားလုံးနှင့် သက်ဆိုင်ပါသည်။ လူမျိုး၊ အသားအရောင်၊ ကိုးကွယ်သည့် ဘာသာ၊ မိန်းကလေး၊ ယောကျ်ားလေး၊ ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ ကလေး၊ လူကြီး၊ သန်စွမ်းသူ၊ မသန်စွမ်းသူစသည့် မည်သည့်အကြောင်းကြောင့်နှင့်မျှ ခွဲခြားဆက်ဆံခံရခြင်း မရှိဘဲ အခွင့်အရေးများကို တန်းတူခံစားခွင့် ရှိရမည်ဖြစ်သည်။

လူ့အခွင့်အရေးအကြောင်း ပြောမည်ဆိုလျှင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အကြောင်းကို ချန်လှပ်ခဲ့၍မရပါ။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားပြီးနောက်ပိုင်း ၁၉၄၈ ခုနှစ်တွင် ထွက်ပေါ်လာသည့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights - UDHR) သည် ဥပဒေအရ စည်းနှောင်မှုမရှိသော်လည်း ကျင့်ဝတ်ပိုင်းနှင့် သက်ဆိုင်သည့် လူ့အခွင့်အရေးစွမ်းအား (Moral Force) များကို ဖော်ပြထားသည့် ကြေညာစာတမ်း ဖြစ်ပါသည်။ ဥပဒေအရ စည်းနှောင်မှုမရှိသော်လည်း လူ့အခွင့်အရေးနှင့် ပတ်သက်လာလျှင်

mgyoe.com

mgyoe.com




စံထားရမည့် ကြေညာစာတမ်းအဖြစ် ကမ္ဘာက လက်ခံထားကြပါသည်။ လူ့အခွင့်အရေးနှင့်ပတ်သက်သော နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေ ပေါ်ပေါက်လာရာမှာ များစွာ အကျိုးသက်ရောက်မှုရှိပြီး နိုင်ငံတကာ စာချုပ်များ၊ နိုင်ငံအများအပြား၏ ဖွဲ့စည်းပုံအခြေခံဥပဒေများက ကိုးကား ရေးဆွဲရသည့် ကြေညာစာတမ်းလည်း ဖြစ်ပါသည်။ "လူသားအားလုံး ၏ မွေးရာပါဂုဏ်သိက္ခာနှင့် တန်းတူညီမျှမှုရှိပြီး ဖယ်ရှားထုတ်ပစ်၍ မရသော အခွင့်အရေးများကို အသိအမှတ်ပြုခြင်းသည် ဤကမ္ဘာပေါ် တွင် လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းမှုတို့အတွက် အခြေခံအုတ် မြစ်ဖြစ်ခြင်း၊ လူ့အခွင့်အရေးကို ဥပဒေစိုးမိုးမှုဖြင့် ကာကွယ်ပေးရန် မဖြစ် မနေလိုအပ်ခြင်း၊ နိုင်ငံချင်း ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှုဖွံ့ဖြိုးရေးကို မဖြစ်မနေ လိုအပ်ခြင်း၊ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတို့သည် ကုလသမဂ္ဂ အဖွဲ့နှင့် ပူးပေါင်း၍ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ကမ္ဘာတစ်ဝန်းလုံးက ပိုမိုမြင့်တင် လေးစားလိုက်နာ ကျင့်သုံးကြမည်ဟု ကတိပြုပြီးဖြစ်ခြင်း" စသည့် ရည်ရွယ်ချက်များဖြင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအား ကုလသမဂ္ဂ အထွေထွေညီလာခံမှ ထုတ်ပြန်ကြေ ညာခဲ့ခြင်းဖြစ်သည်။

အဆိုပါကြေညာစာတမ်းတွင် အပိုဒ် (၃၀) ပါရှိပြီး အပိုဒ် (၁) မှ (၂) သည် လူ့အခွင့်အရေးအားလုံး၏ အခြေခံများ၊ အပိုဒ် (၃) မှ (၂၁) အထိ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများ၊ အပိုဒ် (၂၂) မှ (၂၇) အထိ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ၊ အပိုဒ် (၂၈) မှ (၃၀) အထိ လူသားများ၏ တာဝန်ဝတ္တရားများ စသည် ဖြင့် ခွဲခြားထားသည်ကို တွေ့ရှိရပါသည်။ အဆိုပါအပိုဒ်များအား ခြုံပြီး လေ့လာကြည့်မည်ဆိုပါက လူ့အခွင့်အရေးအမျိုးအစား (၅) မျိုး တွေ့ရှိ ရမည်ဖြစ်ပါသည်။ ❐

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# လူ့အခွင့်အရေး အမျိုးအစားများ

လူ့အခွင့်အရေးနှင့် စပ်လျဉ်းပြီး လူ့အခွင့်အရေးအမျိုးအစားများ အကြောင်း သိရှိထားသင့်ပါသည်။

## ပြည်သူ့ရေးရာအခွင့်အရေး (Civil Rights)

ပြည်သူ့ရေးရာအခွင့်အရေးများထဲမှ အချို့ကို ဖော်ပြရမည်ဆိုလျှင် လူတိုင်း ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရှိကြ၍ လူမျိုး၊ အသားအရောင်၊ အမျိုးသား၊ အမျိုးသမီး၊ ဘာသာစကား၊ နိုင်ငံရေး (သို့မဟုတ်) အခြားအယူအဆ၊ နိုင်ငံသား (သို့မဟုတ်) လူမှုအဆင့်နှင့်ဆိုင်သည့် ပစ္စည်းဥစ္စာဂုဏ်၊ မျိုးရိုးဇာတိဂုဏ်နှင့် အခြားအဆင့်အတန်း စသည်ဖြင့် မည်သည့်ခွဲခြားမှုမှ မရှိကြစေရေး၊ အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ်လုံခြုံမှုရရှိခွင့်၊ ကျေးကျွန်အဖြစ်မပြုရေး၊ ညှဉ်းပန်းနှိပ်စက်မှုမပြုရေး၊ ဥပဒေအရာ၌ တန်းတူကာကွယ်စောင့်ရှောက်မှုရရှိရေး၊ မတရားဖမ်းဆီးချုပ်နှောင်မှု မခံရစေရေး၊ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်ကို ဝင်ရောက်စွက်ဖက်ခြင်းမှ ကာကွယ်ပိုင်ခွင့်ရှိရေး စသည်တို့ဖြစ်သည်။

mgyoe.com

mgyoe.com



**နိုင်ငံရေးအခွင့်အရေး (Political Rights)**

လွတ်လပ်စွာတွေးခေါ်ခွင့်၊ ထင်မြင်ယူဆခွင့်၊ မိမိထင်မြင်ချက်နဲ့ ဆန္ဒကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့်၊ သင်းပင်းဖွဲ့စည်းခွင့်၊ လွတ်လပ်စွာ ဆန္ဒမဲပေး၍ ရွေးချယ်ပိုင်ခွင့်၊ ပြည်သူ့ဝန်ထမ်းဖြစ်ခွင့် စသည်တို့သည် နိုင်ငံရေးအခွင့်အရေးများဖြစ်သည်။

**စီးပွားရေးအခွင့်အရေး (Economic Rights)**

ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်၊ အလုပ်လုပ်ပိုင်ခွင့်၊ တူညီသော အလုပ်အတွက် တူညီသော လုပ်ခကြေးငွေရရှိခွင့်၊ လူ့ဂုဏ်သိက္ခာနှင့်ထိုက်တန်သော ဘဝရပ်တည်မှုကို အာမခံနိုင်မည့် လျော်ကန်သင့်မြတ်သော အခကြေးငွေ ရပိုင်ခွင့်၊ အားလပ်ရက်အပါအဝင် အနားယူခွင့် စသည်တို့ဖြစ်ပါသည်။

**လူမှုအခွင့်အရေး (Social Rights)**

လုံလောက်သည့် လူနေမှုအဆင့်အတန်း ရပိုင်ခွင့်၊ အလုပ်လက်မဲ့ဖြစ်ခြင်း၊ ကျန်းမာရေးချို့ယွင်းခြင်း၊ မသန်စွမ်းဖြစ်ခြင်း၊ မုဆိုးမဖြစ်ခြင်း၊ အသက်အရွယ်အိုမင်းခြင်းများကြောင့် အသက်မွေးဝမ်းကျောင်း မပြုနိုင်သည့်အခါ ဘဝလုံခြုံမှုရပိုင်ခွင့်၊ လူတိုင်းပညာသင်ယူခွင့်၊ သိပ္ပံပညာတိုးတက်ခွင့်နှင့် အကျိုးရလဒ်ကို လွတ်လပ်စွာ မျှဝေခံစားခွင့်တို့ ဖြစ်ပါသည်။

**ယဉ်ကျေးမှုအခွင့်အရေး (Culture Rights)**

လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုတွင် လွတ်လပ်စွာ ပါဝင်ဆောင်ရွက်ခွင့်၊ အနုပညာကို လွတ်လပ်စွာခံစားခွင့်၊ မိမိကိုယ်ပိုင်ဉာဏ်ဖြင့်

mgyoe.com

mgyoe.com



ကြံစည်ဖန်တီးသော ဂုဏ်နှင့်ရုပ်ဝတ္ထု အကျိုးကျေးဇူးကို ကာကွယ်မှု ရပိုင်ခွင့်တို့ ဖြစ်ပါသည်။

အထက်ပါ လူ့အခွင့်အရေးများ ရရှိခံစားခွင့်ကို လူမျိုးမရွေး၊ ဘာသာမရွေး၊ တိုင်းရင်းသားလူမျိုးစုများ အပါအဝင် လူသားတိုင်း ခံစားခွင့် ရရှိမှာဖြစ်ပါသည်။ အဆိုပါ အခွင့်အရေးများ ရရှိခံစားနိုင်ရန်အတွက် သက်ဆိုင်ရာနိုင်ငံများမှ အစိုးရများသည် လူ့အခွင့်အရေးများကို အသိအမှတ်ပြုလေးစား၍ အပြည့်အဝ အကောင်အထည်ဖော်ပေးရမည် ဖြစ်ပါသည်။ နိုင်ငံသားတို့၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ဖြည့်ဆည်းပေးခြင်းသည် နိုင်ငံအစိုးရတိုင်း၏ အဓိကတာဝန်ဖြစ်ပေသည်။

❐

mgyoe.com

mgyoe.com

# အပြည်ပြည်ဆိုင်ရာ
# လူ့အခွင့်အရေး
# စာချုပ်များ




mgyoe.com

mgyoe.com

## အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များ

ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအား ကုလသမဂ္ဂအထွေထွေညီလာခံမှ ၁၉၄၈ ခုနှစ်တွင် ထုတ်ပြန်ကြေညာခဲ့သော်လည်း အဆိုပါ ကြေညာစာတမ်းသည် ကြေညာစာတမ်းသက်သက်သာ ဖြစ်ခဲ့ပြီး ဥပဒေအရ စည်းနှောင်မှုမရှိသည့်အတွက် ကုလသမဂ္ဂအဖွဲ့ကြီးမှ ပိုမိုလေးနက်မှုရှိပြီး ဥပဒေအရ စည်းနှောင်မှုရှိသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်ကြီးများကို ရေးဆွဲပြဋ္ဌာန်းခဲ့ရာမှာ ယနေ့အချိန်အထိ စုစုပေါင်း စာချုပ်ကြီး (၉) ခုကို ရေးဆွဲအတည်ပြုနိုင်ခဲ့ပြီး ဖြစ်ပါသည်။

စာချုပ်ကြီး (၉) ခုမှာ အစဉ်လိုက်အားဖြင့်–

၁။ ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် လူမျိုးခွဲခြားမှု ပုံသဏ္ဌာန်အားလုံး ပပျောက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ "International Covenant on Elimination of Racial Discrimination", ICERD

mgyoe.com

mgyoe.com



၂။ ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ "International Covenant on Civil and Political Rights" , ICCPR

၃။ ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ အပြည်ပြည် ဆိုင်ရာ သဘောတူစာချုပ်၊ "International Covenant on Economic, Social and Cultural Rights" , ICESCR

၄။ ၁၉၇၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေး အပြည်ပြည် ဆိုင်ရာသဘောတူစာချုပ်၊ "International Convention on Elimination of all Forms of Discrimination against Women" , CEDAW

၅။ ၁၉၈၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသော ရက်စက်စွာ၊ လူမဆန်စွာ (သို့) လူ့ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည့် ပြုမူဆက်ဆံမှု (သို့) ပြစ်ဒဏ်ပေး မှု ဆန့်ကျင်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ "Convention against Torture and other Cruel, Inhuman or Degrading Treatment or Punishment" , CAT

၆။ ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့်

mgyoe.com

mgyoe.com


ကလေးသူငယ် အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ "Convention on the Rights of the Child", CRC

၇။ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ရွှေ့ပြောင်းအလုပ်သမားများအားလုံးနှင့် မိသားစုဝင်တို့၏ အခွင့်အရေးများ ကာကွယ်ပေးရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ " International Convention on the Protection of the Rights of all Migrant Workers and Members of Their Families", ICPRMW

၈။ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ "Convention on the Rights of Persons with Disabilities", CRPD " နှင့်

၉။ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် လူပုဂ္ဂိုလ်အားလုံးအား အဓမ္မပျောက်ကွယ်စေမှုမှ ကာကွယ်ပေးရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ " International Convention for the Protection of All Persons from Enforced Disappearance", ICPED တို့ဖြစ်ပါသည်။

ဖော်ပြခဲ့သည့် လူ့အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ်ကြီးများကို အကောင်အထည်ဖော်သည့်နေရာတွင် အထောက်အကူပြုစေရန်အတွက် နောက်ဆက်တွဲသဘောတူစာချုပ် (၈) ခုကိုလည်း ပြဋ္ဌာန်း

mgyoe.com

mgyoe.com


ထားပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အထက်ပါစာချုပ်ကြီး (၉) ခုအနက် စာချုပ်ကြီး (၃) ခုကို အတည်ပြု လက်မှတ်ရေးထိုးထားပါသည်။ ၎င်းတို့မှာ ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားမှု ပပျောက်ရေးသဘောတူစာချုပ်နှင့် ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တို့ ဖြစ်ပါသည်။ နောက်ဆက်တွဲစာချုပ်များအနေဖြင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ်များဖြစ်သော ကလေးသူငယ်များအားရောင်းချခြင်း၊ ပြည့်တန်ဆာပြုလုပ်ခြင်းနှင့် ညစ်ညမ်းရုပ်၊သံ၊ စာများတွင် အသုံးပြုခြင်းဆိုင်ရာ နောက်ဆက်တွဲစာချုပ် (Optional Protocol to the Convention on the Rights of the Child on the Sale of Child, Child Prostitution and Child Pornography, CRC-OP-SC) ကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင်လည်းကောင်း၊ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့တွင် လက်နက်ကိုင်ပဋိပက္ခတွင် ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ နောက်ဆက်တွဲအခြေပြစာချုပ် (Optional Protocol to the Convention on the Rights of the Child on the involvement of Children in Armed Conflict, CRC-OP-AC) ကိုလည်းကောင်း မြန်မာနိုင်ငံက အတည်ပြုလက်မှတ်ရေးထိုးထားပါသည်။

၎င်းအပြင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်ကြီးတစ်ခုဖြစ်သော စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ "International Covenant

mgyoe.com

mgyoe.com


on Economic, Social and Cultural Rights , ICESCR) ကိုမူ မြန်မာနိုင်ငံမှ အတည်ပြုရေးထိုးထားခြင်း မရှိသော်လည်း ကနဦးပါဝင် လက်မှတ်ရေးထိုးခြင်းကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် ပြုလုပ် ခဲ့ပါသည်။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်းသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့် အရေးစာချုပ်ကြီး (၉) ခုအနက် အနည်းဆုံးတစ်ခုစီတွင် ပါဝင်လက်မှတ် ရေးထိုးထားပြီး ဖြစ်ပါသည်။ နိုင်ငံအများဆုံး ပါဝင်လက်မှတ်ရေးထိုး သည့် စာချုပ်မှာ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် Convention on the Rights of the Child , CRC ဖြစ်ပါသည်။ စုစုပေါင်း (၁၉၆) နိုင်ငံဖြစ်ပါသည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း (၁၉၃) နိုင်ငံအပြင် အဖွဲ့ဝင်နိုင်ငံမဟုတ်သည့် Cook Islands, Holy See နှင့် State of Palestine တို့ကလည်း ပါဝင်လက်မှတ်ရေးထိုး ထားပါသည်။

အတည်ပြု ပါဝင်လက်မှတ်ရေးထိုးခြင်းတွင် အချို့နိုင်ငံအစိုးရ များသည် လက်မှတ်ရေးထိုးမှုကို စာချုပ်ပါအချက်များကို မူတည်၍ ခြွင်းချက်များနှင့် လက်မှတ်ရေးထိုးကြပါသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များကို ပါဝင်လက်မှတ်ရေးထိုးထား သည့် နိုင်ငံများရှိ အစိုးရများသည် ၎င်းတို့နိုင်ငံသူနိုင်ငံသားများအတွက် စာချုပ်ပါအချက်များကို လိုက်နာပြီး အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်ပေးရမှာ ဖြစ်ပါသည်။ အကောင်အထည်ဖော် ဆောင်ရွက်မှု အစီရင်ခံစာများကို သက်ဆိုင်ရာ စာချုပ်ကော်မတီသို့ တင်သွင်းရပါ သည်။ စာချုပ်တိုင်းတွင် စာချုပ်ဝင်နိုင်ငံများ အကောင်အထည်ဖော်မှု နှင့် စပ်လျဉ်းပြီး စောင့်ကြပ်ကြည့်ရှုသည့် ကော်မတီများရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်ကြီးများ

mgyoe.com

mgyoe.com


တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့် အစီရင်ခံစာပြုစုခြင်းကို လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ Focal အဖြစ် တာဝန်ယူဆောင်ရွက်ပါသည်။

❐

mgyoe.com

mgyoe.com

# ဒီမိုကရေစီနှင့် လူ့အခွင့်အရေး

ယနေ့ခေတ်အချိန်တွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအကြောင်း အရာတွေကို နေရာတိုင်းတွင် ပြောဆိုနေကြပြီဖြစ်သည်။ "ဒီမိုကရေစီ" နှင့်စပ်လျဉ်းပြီး တစ်ကမ္ဘာလုံးက တညီတညွတ်တည်း လက်ခံသတ်မှတ်ထားသည့် "ဒီမိုကရေစီ"၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ရှိမနေသလို တစ်ကမ္ဘာလုံးက လက်ခံသဘောတူညီထားသည့် လူ့အခွင့်အရေးဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်လည်း ရှိမနေပါ။ သို့သော်လည်း ဒီမိုကရေစီနှင့် လူ့အခွင့်အရေးသည် ဆက်စပ်မှုရှိသည်ဆိုသည်ကိုမူ တစ်ကမ္ဘာလုံးက လက်ခံထားပြီးဖြစ်ပါသည်။

၁၉၉၃ ခုနှစ်တွင် ကျင်းပခဲ့သည့် ကမ္ဘာ့လူ့အခွင့်အရေးညီလာခံတွင် ဖွံ့ဖြိုးတိုးတက်မှု၊ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခြင်းတို့သည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေပြီး အပြန်အလှန် အထောက်အကူဖြစ်နေကြသည်ဟု ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက အတည်ပြုထားခဲ့ပါသည်။ ၁၉၄၈ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ကမ္ဘာ့လူ့အခွင့်အရေး

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com



ကြေညာစာတမ်း၏ အပိုဒ် ၂၁ (ဂ) တွင် "အစိုးရအုပ်ချုပ်မှုအာဏာသည် ပြည်သူပြည်သားတို့၏ ဆန္ဒအပေါ် အခြေခံရမည်။ လူတိုင်းပါဝင်၍ တန်းတူညီမျှ ဆန္ဒမဲပေးပိုင်ခွင့်ရှိပြီး လျှို့ဝှက်မဲပေးစနစ်ဖြင့်ဖြစ်စေ၊ အလားတူ လွတ်လပ်သော မဲပေးစနစ်ဖြင့်ဖြစ်စေ အချိန်ကာလ အပိုင်းအခြားအလိုက်ကျင်းပသော စစ်မှန်သည့် ရွေးကောက်ပွဲများတွင် အဆိုပါဆန္ဒကို ဖော်ထုတ်ရမည်" ဟု ဖော်ပြထားခြင်းသည် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ ဆက်စပ်နေမှုကို အသိအမှတ်ပြုခြင်းဟု ဆိုနိုင်ပါသည်။ ယနေ့အချိန်တွင်တော့ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ဆက်စပ်နေမှုသည် မြင်သာထင်သာဖြစ်နေပြီဖြစ်သည်။

ဒီမိုကရေစီနှင့် စပ်လျဉ်းပြီး အဓိပ္ပာယ်ဖွင့်ဆိုချက်အမျိုးမျိုး ဖွင့်ဆိုထားကြပါသည်။ အမေရိကန်သမ္မတဟောင်း အီဗရာဟင်လင်ကွန်းမှ "ဒီမိုကရေစီဆိုသည် ပြည်သူ့အစိုးရ၊ ပြည်သူရွေးချယ်သည့် အစိုးရ၊ ပြည်သူအတွက် အစိုးရဖြစ်သည်" ဟု ဆိုထားပါသည်။ နိုင်ငံရေးသိပ္ပံပညာရှင် လယ်ရီဒိုင်းမွန်းမှ ဒီမိုကရေစီတွင် လိုအပ်ချက် (၄) ခုရှိပါသည်။ ၎င်းတို့မှာ (၁) လွတ်လပ်မျှတသည့် ရွေးကောက်ပွဲပြုလုပ်ပြီး အစိုးရတစ်ရပ်ဖော်ဆောင်သည့် နိုင်ငံရေးစနစ်၊ (၂) နိုင်ငံရေးနှင့် ပြည်သူ့ရေးရာများတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားမှုရှိရမည့် နိုင်ငံသားများ၊ (၃) နိုင်ငံသားတွေ၏ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် (၄) နိုင်ငံသားအားလုံးအတွက် ညီမျှမှုရှိသည့် တရားဥပဒေစိုးမိုးရေးတို့ဖြစ်သည်ဟု ဆိုထားပါသည်။ အထက်ဖော်ပြပါအချက်များကို ကြည့်မည်ဆိုလျှင် နိုင်ငံသားဆိုသည်ကို ဦးတည်ထားသည်ကို တွေ့ရမည်ဖြစ်ပါသည်။ အကြောင်းမှာ နိုင်ငံသားတိုင်း တက်ကြွစွာ ပါဝင်လှုပ်ရှားမှုသည် ဒီမိုကရေစီစနစ်ကိုထောက်ခံသည့် နိုင်ငံများတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေပြီး ပါဝင်လှုပ်ရှားခြင်းသည်လည်း ဒီမိုကရေစီနိုင်ငံတွင် နေထိုင်

mgyoe.com

mgyoe.com



ကြသည့် နိုင်ငံသားများအတွက် အရေးပါသည့် ကဏ္ဍဖြစ်ပါသည်။

နိုင်ငံသားတိုင်း တက်ကြွစွာ ပါဝင်လှုပ်ရှားမှုဟုဆိုရာတွင် နိုင်ငံသားများသည် ၎င်းတို့၏ ဒေသနယ်ပယ် အဖွဲ့အစည်းများမှသည် ဝန်းကျင်နယ်ပယ်အသီးသီး၊ ကျေးလက်မှသည် မြို့နယ်၊ မြို့နယ်မှသည် နိုင်ငံတစ်ဝန်း (ဥပမာ) ရပ်ရွာအတွက် သန့်ရှင်းရေးပြုလုပ်ခြင်းဆိုသည့် Small Campaign မှသည် ငယ်ရွယ်သူလူငယ်များအား ဒီမိုကရေစီ အနှစ်သာရ၊ တန်ဖိုး အစရှိသည်တို့ကို ပညာသင်ကြား ဖြန့်ဖြူးပေးသည့် Big Campaign များကို ဆောင်ရွက်ဖို့ရာအထိ ဆိုလိုခြင်းဖြစ်ပါသည်။ ဒီမိုကရေစီနိုင်ငံတစ်ခုအတွက် နိုင်ငံသားများ၏ တက်ကြွစွာ ပါဝင်လှုပ်ရှားခြင်းသည် ကောင်းမွန်သည့် ဒီမိုကရေစီထံသို့ ဦးတည်နေပါသည်။

ဘာကြောင့် ဒီမိုကရေစီ လိုချင်ကြပါသလဲ။ အားလုံးအတွက် တန်းတူညီမျှမှုနှင့် လွတ်လပ်ခြင်းကို ဒီမိုကရေစီမှ ရရှိနိုင်သည်ဟု ယုံကြည်ကြခြင်းကြောင့် ဖြစ်ပါသည်။ လူသားတိုင်း လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ အမျိုးသား၊ အမျိုးသမီး၊ ဘာသာစကား၊ နိုင်ငံရေး (သို့မဟုတ်) အခြားအယူအဆ၊ နိုင်ငံသား (သို့မဟုတ်) လူမှုအဆင့်အတန်းနှင့်ဆိုင်သော ဇာစ်မြစ်၊ ပစ္စည်းဥစ္စာဂုဏ် စသည်တို့ကြောင့် ခွဲခြားဆက်ဆံခံရမှု မရှိစေဘဲ တန်းတူညီမျှမှုနှင့် လွတ်လပ်မှုကို လိုချင်ကြသူများဖြစ်ပါသည်။ လူသားတစ်ဦးဖြစ်သည့်အတွက် လူ့အခွင့်အရေးနှင့် လွတ်လပ်ခြင်းကို လူသားတိုင်း ခံစားပိုင်ခွင့်ရှိပါသည်။ မိမိတို့၏ နိုင်ငံရေး၊ ပြည်သူ့ရေးရာများတွင် အပြည့်အဝ လွတ်လပ်စွာ ပါဝင်ဆောင်ရွက်ခွင့်လည်း ရှိကြပါသည်။

ဒီမိုကရေစီကို လိုချင်လျှင်ဖြင့် ဒီမိုကရေစီ၏ သဘောတရားများအတိုင်း နေထိုင်ကြရန် ပြင်ဆင်ထားကြဖို့ လိုအပ်ပါသည်။ ဒီမိုကရေစီနိုင်ငံမှ နိုင်ငံသားတိုင်း ဒီမိုကရေစီ၏ သဘောတရားတွေအတိုင်း ရဲဝံ့စွာ

mgyoe.com

mgyoe.com



ကျင့်ကြံနေထိုင်ရမှာ ဖြစ်ပါသည်။ ဒီမိုကရေစီ၏ သဘောတရားများတွင် တိကျစွာ သတ်မှတ်ပေးထားသည့် သဘောတရားဟုမရှိဘဲ အချို့က ၅ ချက်၊ အချို့က ၆ ချက်၊ အချို့က ၇ ချက်၊ အချို့က ၁၃ ချက် စသည်ဖြင့် ကွဲပြားနေကြပြီး အများအားဖြင့် တူညီသည့် အချက်များမှာ နိုင်ငံသားများ ပါဝင်ခြင်း၊ တန်းတူညီမျှမှု၊ တာဝန်သိမှု၊ တာဝန်ရှိမှု၊ တရားဥပဒေ စိုးမိုးရေး၊ လွတ်လပ်မျှတသည့် ရွေးကောက်ပွဲများ၊ လွတ်လပ်သော စီးပွားရေး၊ လူ့အခွင့်အရေး၊ ပွင့်လင်းမြင်သာမှု၊ ကောင်းမွန်သော အုပ်ချုပ်ရေးတို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဒီမိုကရေစီကျင့်သုံးမှုသည် ဒီမိုကရေစီနိုင်ငံတိုင်း တစ်ထပ်တည်း တူညီမှုမရှိနိုင်ပါ။ ဤနေရာတွင် ဒီမိုကရေစီ၏ သဘောတရားတွေထဲမှ တစ်ခုဖြစ်သည့် လူ့အခွင့်အရေးအကြောင်း ပြောရမည်ဆိုလျှင် အထက်တွင် ရေးသားခဲ့သည့်အတိုင်း လူတိုင်း တန်းတူညီမျှမှုနှင့် လွတ်လပ်ခြင်းကို လိုချင်သူများ ဖြစ်ကြသည့်အတွက် ဒီမိုကရေစီကို လိုချင်ကြခြင်း ဖြစ်ပါသည်။ တန်းတူညီမျှမှုနှင့် လွတ်လပ်ခြင်းသည် လူ့အခွင့်အရေး၏ အခြေခံသဘောတရားများ ဖြစ်သည်။ ထို့အတွက်ကြောင့် တစ်နည်း ပြောရမည်ဆိုလျှင် လူ့အခွင့်အရေး လိုချင်သည့်အတွက် ဒီမိုကရေစီ လိုချင်ကြခြင်း ဖြစ်ပါသည်။

ဒီမိုကရေစီ၏ ကောင်းကျိုးတစ်ခုကို ပြောရမည်ဆိုလျှင် ပြည်သူသည် မိမိကြိုက်နှစ်သက်ရာ အစိုးရကို လွတ်လပ်စွာ ရွေးချယ်နိုင်ခြင်းပင်ဖြစ်သည်။ ဒီမိုကရေစီအစိုးရ၏ အားသာချက်မှာ လွတ်လပ်စွာ ရွေးချယ်ခြင်း၊ လွတ်လပ်စွာ ရွေးချယ်ခံနိုင်ခြင်းပင်ဖြစ်သည်။ အရေးကြီးသည်မှာ ရွေးချယ်တင်မြှောက်ထားသည့် အစိုးရမှာ ပြည်သူအတွက် အစိုးရ၊ ပြည်သူ့အစိုးရဖြစ်ရမည် ဖြစ်သည်။ ပြည်သူအတွက် အစိုးရ မဟုတ်လျှင် ဒီမိုကရေစီဟု မခေါ်ဆိုနိုင်ပေ။

mgyoe.com

mgyoe.com


ဒီမိုကရေစီကို လက်တွေ့ကျကျ ကျင့်သုံးချိန်တွင် အောက်ပါအချက်များကြောင့် ဒီမိုကရေစီစနစ် အားနည်းယုတ်လျော့ခြင်းများ ဖြစ်နိုင်ပါသည်။ ၎င်းတို့မှာ (၁) ပြည်သူ့ရေးရာ လူမှုဘဝများတွင် အမျိုးသားများသာ ကြီးစိုးနေခြင်း၊ (၂) အစိုးရဌာနများအတွင်း လာဘ်ပေးလာဘ်ယူခြင်းများ၊ (၃) အာဏာအလွဲသုံးစားမှုနှင့် ဖိနှိပ်ချုပ်ချယ်မှုများ၊ (၄) အုပ်ချုပ်ရေးသည် လွှတ်တော်ရေးရာကို ထိန်းချုပ်နေမှုများ၊ (၅) ပြည်သူအများ ဒီမိုကရေစီနှင့် စပ်လျဉ်းပြီး စိတ်ဝင်စားမှုမရှိခြင်း စသည့်အချက်များ ဖြစ်ပါသည်။ အဆိုပါအချက်များ ဖြစ်ပေါ်နေပါက ပြည့်စုံကောင်းမွန်သည့် ဒီမိုကရေစီကို ရရှိနိုင်မည်မဟုတ်သလို ဒီမိုကရေစီ၏ မူလရည်ရွယ်ချက်ပုံစံပျက်ပြီး ယိုယွင်းအားနည်းနေသဖြင့် နိုင်ငံအတွင်းရှိ နိုင်ငံသားများသည် ၎င်းတို့၏ အခွင့်အရေးနှင့် တာဝန်ကို ခွဲခြားသိမြင်မှု အားနည်းယုတ်လျော့နေမည်လည်း ဖြစ်သည်။ ထို့အတွက် ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံတွင်းရှိ နိုင်ငံသားများသည် ဒီမိုကရေစီနှင့် စပ်လျဉ်းပြီး မှားယွင်းကျင့်သုံးခြင်းများ မဖြစ်စေရေး ဒီမိုကရေစီအကြောင်း ဗဟုသုတများ ပိုမိုသိရှိထားဖို့ရာ အရေးကြီးပါသည်။

ဒီမိုကရေစီနိုင်ငံတိုင်းမှ အစိုးရများသည် ၎င်းတို့၏နိုင်ငံသားများအတွက် လူ့အခွင့်အရေး လေးစားမှု၊ ကာကွယ်စောင့်ရှောက်မှု ရရှိခံစားစေဖို့ ကြိုးစားဆောင်ရွက်ပေးရမည် ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံသည် လူ့အခွင့်အရေးကို လေးစားမည်ဆိုလျှင် အဆိုပါနိုင်ငံသည် အလိုအလျောက် ဒီမိုကရေစီနိုင်ငံဟု သတ်မှတ်နိုင်သလို ဒီမိုကရေစီနိုင်ငံသည်လည်း အလိုအလျောက် လူ့အခွင့်အရေး လေးစားပြီးသားဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။ သီအိုရီအားဖြင့် လူ့အခွင့်အရေးအားလုံးသည် နေရာတိုင်းတွင် အတူတူဖြစ်သည်။ လူ့အခွင့်အရေးများသည် အပြန်အလှန် မှီခိုနေကြပြီး တစ်ခုနှင့်တစ်ခု ခွဲခြား၍မရဟု ဆိုထားပါသည်။ ဒီမိုကရေစီစနစ်ကို

mgyoe.com

mgyoe.com



ထောက်ခံမှုရှိသည်ဆိုလျှင် ဒီမိုကရေစီနိုင်ငံတွင်းမှ ပြည်သူအားလုံးနှင့် အုပ်ချုပ်သူအစိုးရသည် ၎င်းနိုင်ငံတွင်းရှိ နိုင်ငံရေး၊ ပြည်သူ့ရေးရာ၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေး စသည့်အခွင့်အရေးအားလုံးကို လေးစားမှုရှိရမည်ဖြစ်သလို လူသားတစ်ဦးချင်းစီ၏ တန်ဖိုးကို အလေးထား၊ လေးစားခြင်းလည်း ရှိရမည်ဖြစ်ပါသည်။

စစ်မှန်သည့် ဒီမိုကရေစီတိုင်းတွင် လူ့အခွင့်အရေးလေးစားမှုနှင့် ကာကွယ်စောင့်ရှောက်မှု လိုအပ်ပါသည်။ အဖွဲ့အစည်းများ အားနည်းခြင်းနှင့် ကောင်းမွန်သည့် အုပ်ချုပ်ရေးမရှိပါက လူ့အခွင့်အရေးကို အသိအမှတ်ပြု လေးစားခံရမှု အားနည်းမည်ဖြစ်ပြီး ဒီမိုကရေစီ အကောင်အထည်ဖော်နိုင်မှုလည်း အားနည်းမည်ဖြစ်ပါသည်။ အပြန်အလှန်အားဖြင့် ဒီမိုကရေစီသည် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုနှင့် ထိရောက်မှုရှိပြီး လူ့အခွင့်အရေးကို အသိအမှတ်ပြုသည့် သဘာဝဝန်းကျင်ကို အထောက်အပံ့ပေးနိုင်သည်ကို သိရှိနားလည်ထားရပါမည်။

❐

mgyoe.com